# " တရားကိုသိမှ ဘုရားကို သိမည် "

" တရားကိုသိမှ ဘုရားကို သိမည်တဲ့ " ရဟန္တာကိုယ်တော်မြတ်ကြီးများ၊ ဆရာကောင်း ဆရာမြတ်ကြီးများက ဟောကြားတော်မူခဲ့သည်ကို နာကြားခဲ့ရဘူးပါသည်။ ဤမိန့်ဆိုချက်သည် အလွန်လေးနက်လွန်းလှပါသည်။ ကျွန်တော်တို့လို သာမန်ပုထုစဉ်တွေအဖို့ နားလည်ရန်လည်း ခက်ခဲလှပါသည်။ သို့သော် ဆရာမြတ်ကြီးတို့၏ မိန့်ဆိုချက်သည် ထာဝရ အမှန်တရားဖြစ်၍ နားလည်အောင်ကြိုးစားကြရမည်မှာ ကျွန်တော်တို့၏ တာဝန်သာ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်များသည် ဘုရားကို ကိုးကွယ်ကြပါသည်။ မိရိုးဖလာ ကိုးကွယ်မှုနဲ့ပင် စကြရပါသည်။ ဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူ ပွင့်ပါမည်။ ယခု လေးဆူမြောက် ဂေါတမမြတ်စွာဘုရား၏ သာသနာထဲသို့ ရောက်ရှိနေပါသည်။ ထိုဘုရားရှင်ကို ရည်ရွယ်ပြီး ဆည်းကပ်ကိုးကွယ်နေကြပါသည်ဟု အခြေခံအားဖြင့်တော့ လက်ခံနေကြပါသည်။ သို့ပေမင့် မိမိတို့ ကိုးကွယ်ဆည်းကပ်နေသည့် ဗုဒ္ဓဘုရားအပေါ်တွင် ပုထုစဉ်တို့ အနေဖြင့် သိနားလည် ကြည်ညိုစိတ် အမျိုးမျိုးကွဲပြား နိုင်ကြပါသည်။ မြတ်ဗုဒ္ဓ၏ အပေါ်တွင် လေးနက်သူများရော မလေးနက်သူများပါ အထူးသဖြင့် လောကဓာတ်အတန်းပညာအဆင့် ပေါက်မြောက်သူများ (အားလုံးမဟုတ်ပါ) က လည်း ဗုဒ္ဓသည် လူ့ယဉ်ကျေးမှုတခုကို ဖန်တည်းနိုင်သူ၊ မျိုးစေ့ချပေးနိုင်ခဲ့သူ ဟူ၍လည်းကောင်း၊ သူ့ခေတ်နှင့်သူ့အခါက ပေါ်ထွန်းခဲ့ဖူးသော ဒဿန ပညာရှင်ကြီး၊ စိတ္တဗေဒ ပညာရှင်ကြီးအဖြစ်လည်းကောင်း အကဲဖြတ် သတ်မှတ်မှုများပင် ရှိနေပါသည်။ အချို့က လည်း သူ့ခေတ်နှင့် သူ့အခါက အယူဝါဒတခုကို တည်ထောင်ဖြန့်ဖြူးနေကြသော မဟာဝီရ (နိဂဏ္ဍနာဋပုတ္တ)၊ စာရဝက ဂိုဏ်းဆရာ " အဇိတကေသ ကမ္ဗလ " စသော ပုဂ္ဂိုလ်များနှင့် တတန်းတည်း သတ်မှတ်သော သူများလည်းရှိနိုင်ပါသည်။ အထူးသဖြင့် ခေတ်ပညာတတ်ဆိုသူများထဲတွင် မြတ်ဗုဒ္ဓကို အခြားသော ဘာသာများ ထူထောင်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများကဲ့သို့ သူ့ခေတ် သူ့အခါ သူ့နေရာတွင် ပေါ်ပေါက်ခဲ့သည့် ပုဂ္ဂိုလ်ထူးကြီးတဦးအဖြစ် လောက်သာ မှတ်ချက်ချ နေသူတွေလည်း အများအပြားရှိပါသည်။ ဗုဒ္ဓဘာသာဝင်အများစုကြီးကတော့ တရားကိုသိ၍ ဘုရားကိုသိသည် မဟုတ်သော်လည်း မိမိတို့ကိုးကွယ်ဆည်းကပ်နေသော သံဃာတော်များ၊ လူကြီးမိဘများ၏ ဆုံးမစကားတို့ကို ယုံကြည်သဖြင့် မြတ်ဗုဒ္ဓသည် အတုလံ အတုမရှိသော၊ အနှိုင်းမရှိသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ကြီးဟုပင် ယုံကြည် ကိုယ်းကွယ်နေကြပါသည်။ ထိုသို့ ယုံကြည်ခြင်းသည်လည်း တရားသိ၊ ဉာဏ်သိမဟုတ်လင့်ကစား အမှန် သိလို့ ပြောလို့ရပါသည်။ သို့သော် ခိုင်မာအောင် ကြိုးစားအားထုတ်ရန် လိုအပ်နေပါသေးသည်။

ဝိဇ္ဇာစရဏ သန္တန္နှဟူသော မြတ်ဗုဒ္ဓ၏ တတိယမြောက် ဂုဏ်တော်သည် အသိတရားနှင့်တကွ အကျင့်တရားပါ ပြီးပြည့်စုံတော်မူသော မြတ်စွာဘုရားဟု ဆိုသဖြင့် ထိုမြတ်စွာဘုရားကို သိသောသူ၊ မြတ်စွာဘုရား၏ တန်ခိုးတော် ဉာဏ်တော်တို့ကို သိသောသူများသည် မြတ်စွာဘုရားကပေးသော သာသနာမှလက်ဆင့်ကမ်း၍ ရရှိသော အသိတရားနှင့် အကျင့်တရားတို့ကို ပေါက်မြောက်အောင်မြင်အောင် ကျင့်ကြံပြီးသူ အရိယာကြီးများသာ ဖြစ်ပါသည်။ ၎င်းအရိယာကြီးများသော်မှ ပြည့်စုံစွာတော့ မသိနိုင်ကြပါ။ သာမန်ပုထုစဉ်တို့အနေဖြင့် မြတ်စွာဘုရား၏ အကြောင်း ကိစ္စများကို သိရှိရန် လွန်စွာမှခက်ခဲ၍ မဖြစ်နိုင်ဟု အရိယာကြီးများ၏ ဆုံးမစကားကို မှတ်သားဘူးခဲ့ပါသည်။ မြတ်ဗုဒ္ဓ၏ ဖြည့်ဆည်းခဲ့ရသော ပါရမီများ၊ လေးသင်္ချေနှင့် ကမ္ဘာတသိန်းမျှပေးဆပ်ခဲ့ရပုံများ၊ လူသာမန်တို့ မစွမ်းနိုင်သော ပါရမီဖြည့်ဆည်းမှုများကို ဗုဒ္ဓလောင်းလျှာက ဘဝပေါင်းများစွာ ဖြည့်ဆည်းနိုင်ခဲ့ပုံများ၊ ဤပါရမီကုသိုလ် အဟုန်တို့ကြောင့် မြတ်ဗုဒ္ဓဘဝင်တွင် သုံးဆယ့်တဘုံ၌ အနိူင်းမရှိသော ဂုဏ်တော်၊ ကံတော်၊ တန်ခိုးတော်၊ ဉာဏ်တော်တို့ဖြင့် ပြည့်စုံရသည်ဖြစ်ကြောင်းတို့ကို စာပေကျမ်းဂန်များထဲတွင် ဖတ်ရှုကြည်ညိုကြရသော ပုထုစဉ်များအဖို့မှာလည်း သဒ္ဓာသိဖြင့်သာ ယုံကြည်ရသည်မို့ မလေးနက်ပါ။ အပေါ်ယံသိမြင် နားလည် ယုံကြည်မှု လောက်သာ ဖြစ်ပါသည်။ သို့သော် ဤကဲ့သို့ ယုံကြည်မှုကိုပင် ကြိုဆိုထိုက်ပါသည်။

မြတ်စွာဘုရားတဆူ၏ ဂုဏ်တော်ကို အခြားသော ဘုရားတဆူက (ခေတ်ပြိုင်မဟုတ်) ကြည်ညိုပူဇော်လျှင် အာယုကပ်သာ ဆုံးသွားမည် မြတ်စွာဘုရား၏ ဂုဏ်တော်ကား မဆုံးနိုင်ပါ။ ထို့ကြောင့် မြတ်စွာဘုရား၏ ဂုဏ်တော်ကို မြတ်စွာဘုရားမှလွဲ၍ တခြားသော ပုဂ္ဂိုလ်တို့ မသိစွမ်းနိုင်ပါဟု ဆရာမြတ်တပါး၏ ဟောကြားဆုံးမ သံကို နာယူမှတ်သား ခဲ့ဖူးပါသည်။ ထို့ကြောင့် သဒ္ဓာသိလောက်ဖြင့်ပင်လျှင် မြတ်စွာဘုရားအား ကြည်ညိုလို့ မဆုံးနိုင်တော့ပါ။ ငယ်စဉ်အခါက ဦးလေးဘုန်းကြီးတပါး၏ ဟောပြောချက်တခုကိုလည်း အမှတ်ရနေပါသေးသည်။ ငါတို့မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို လက်ဝဲတော်ရံ တပည့်သာဝကကြီးဖြစ်တဲ့ အရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးက ဤသို့စိတ်ကူးတခုဖြစ်ပေါ်ဖူးသည်။ စကြာဝဠာ အနန္တရှိတယ်။ တခုသော စကြာဝဠာက ကမ္ဘာတခုမှာ ငါတို့ဘုရားရှင်ကဲ့သို့ ဘုရားတပါး ရှိများရှိနေဦးမှာလားဟူ၍ ဖြစ်ပါသည်။ ထိုကဲ့သို့ အရှင်မောဂ္ဂလာန်၏ အကြံအစည် ဖြစ်မှုကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သိတော်မူသဖြင့် ဒီအတိုင်းထားလိုက်လျှင် သားတော်ကြီး ရှင်မောဂ္ဂလာန်၌ သံသယ အမှားကပ်ငြိနေလိမ့်မည်။ ဤသို့မဖြစ်ကောင်းဟု အကြံတော်ရှိကာ အရှင်မောဂ္ဂလာန်အား ခေါ်တော်မူ၍ ချစ်သားမောဂ္ဂလာန် မုန့်ညင်းစိ သပိတ်တလုံးမျှ ယူဆောင်ခဲ့ဟု အမိန့်တော်ရှိသည်။ ရှင်မောဂ္ဂလာန်ကလည်း မြတ်ဗုဒ္ဓ၏

အမိန့်တော်အတိုင်း ယူဆောင်ခဲ့ပြီးသော် မြတ်ဗုဒ္ဓက ချစ်သားမောဂ္ဂလာန် ချစ်သား၏ တန်ခိုးဖြင့် စကြဝဠာတခုလျှင် မုန့်ညင်းစိတစိမျှ ချခဲ့ပြီး အမြန်ပြန်လာခဲ့စေဟု စေခိုင်းတော်မူ၏။ အရှင်မောဂ္ဂလာန်ကလည်း မြတ်စွာဘုရားခိုင်းတော်မူသည့်အတိုင်း ဆောင်ရွက်ပြီးလျှင် အလျှင်အမြန်ပင် တန်ခိုးဖြင့် (တခဏမျှသာ ကြာပါသည်) ပြန်လည်၍ မြတ်ဗုဒ္ဓအပါးသို့ ရောက်ရှိတော်မူခဲ့ပါသည်။ မြတ်စွာဘုရားသည် ရှင်မောဂ္ဂလာန်ကို ဘာမျှ မမိန့်တော့ပဲ ဆိတ်ဆိတ်နေတော်မူသည်။ ထိုအခါ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်သည် ဤသို့ တွေးတောအကြံ အစည်ဖြစ်၏။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ငါ့အားအကြောင်းမဲ့ မခိုင်းစေရာဟု ဆင်ခြင်မိသော် ငါသည်ယခု စကြဝဠာပေါင်းများစွာကို ရောက်ခဲ့ပြီးပြီ ငါတို့၏ အဖဘုရားသခင် ကိုယ်တော်မြတ်ကြီးကဲ့သို့ ဘုရားတဆူကို မည်သည့်စကြဝဠာမှာမှ မည်သည့်ကမ္ဘာမှာမှ မတွေ့ခဲ့ဖူးဖြစ်သည်။ အော် ငါ၏ အခြားကမ္ဘာတခုခုတွင် ဘုရားတဆူဆူတော့ ရှိကောင်း ရှိနိုင်မလားဆိုသော သံသယအများကို အမှန်အတိုင်း သိစေခြင်းအကျိုးငှာ မြတ်ဘုရားက ခိုင်းစေခြင်းဖြစ်သည်ဟု ဆင်ခြင်မိတော့သည်။ ထိုအခါ ရှင်မောဂ္ဂလာန်က တပည့်တော် အမှန်တိုင်းမြင်ပါပြီ ဘုရားဟု လျှောက်ထား၍ ရှိသေစွာ ရှိခိုးလိုက်ပါသည်။ မြတ်စွာဘုရားကိုယ်တော်မြတ်တို့မည်သည် အပြိုင်မရှိ၊ အတုမရှိပါ။ သူ့ခေတ် သူ့သာသနာမှာ တပါးတည်းသာ ပွင့်တော်မူသည်လို့ သိလိုက်ရပါတော့သည်။ အသိတန်ဖိုး ကြီးလေစွဟု ခံယူမိပါတော့သည်။ ကလျာဏ မိတ်အပေါင်းကိုလည်း စေတနာရှေ့ထားပြီး တင်ပြခြင်း ဖြစ်ပါသည်။

သညာသုတအရ အသိဖြင့် မြတ်ဗုဒ္ဓကို သိခြင်းထက် အကျင့်တရားအရ ပညာသိ သိမှသာ အသိစစ် အသိမှန်ဟု နားလည်မိပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓကို သိရန် တရားကို ဦးစွာသိရန် လိုအပ်ပါသည်။ တရားကို သိရန်မှာလည်း စာပေ ကျမ်းဂန် တတ်မြောက်ခြင်း၊ အကြား ဗဟုသုတရှိခြင်းလောက်နှင့်တရားကို သိနိုင်မည် မဟုတ်ပါ။ မြတ်ဗုဒ္ဓသာသနာတော်သည် လက်ဆင့်ကမ်းသာသနာဖြစ်သည်ဟု ဗုဒ္ဓဘာသာဝင်တိုင်း သိကြပါသည်။ ထိုသို့ လက်ဆင့်ကမ်းရာတွင် ပရိယတ် သက်သက် လက်ဆင့်ကမ်းနေခြင်းကို သာသာနာဟု ခေါ်လျှင် မပြည့်စုံပါ၊ မလုံလောက်ပါ။ မမှန်ကန်ပါ။ အသိနှင့် တကွ အကျင့်တည်းဟူသော ပရိယပ်ရော ပရိပတ်ပါ လက်ဆင့်ကမ်းမှ သာသနာဟု ခေါ်ဆိုထိုက်ပါသည်။ စာပေပရိယတ္တိ မပြည့်စုံသော်လည်း ဆရာကောင်း ဆရာမြတ်ထံမှာ မှန်ကန်သော အသိကို ခံယူပြီး မှန်ကန်သော အကျင့်ကို ကျင့်သုံးအောင်မြင်အောင် လုပ်သော အလုပ်စဉ်သည်သာလျှင် စစ်မှန်သော သာသနာဟု ခံယူရပါမည်။ သို့မှသာ သနာလက်ဆင့်ကမ်းခြင်းဟူသော အဓိပ္ပါယ်မှာ ပြည့်စုံပါလိမ့်မည်။ ထို့ကြောင့် တရားလိုချင်သော ဗုဒ္ဓဘာသာစစ်စစ် ဖြစ်လိုသူများအဖို့ သာသနာကို

လက်ဆင့်ကမ်းနိုင်သော အသိမှန် အကျင့်မှန်ကို ပေးနိုင်သော အရိယာ ဆရာမြတ်ကို ရှာဖွေပြီးဆည်းကပ်ဖို့ လိုပါသည်။

ဆရာမြတ်တို့၏ ဆုံးမညွှန်ကြားချက်အတိုင်းလိုက်နာပြီး ကျင့်ကြံအားထုတ်နိုင်ပါမှ တရားရမည်။ တရားကို သိမည်ဖြစ်ပါသည်။ အကျင့်တရားဖြင့်သာ တရားရနိုင်ပါသည်။ တရားရပြီဆိုလျှင် ဘုရားကို သိပါလိမ့်မည်။ မိမိတို့ တရားအဆင့်ကြီးလေလေ ဘုရားကို သိလေလေဖြစ်ပါလိမ့်မည်။ သို့သော် အဆုံးစွန်အထိတော့ ဘုရားမှလွဲ၍ မည်သူမျှ မသိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် သဗ္ဗညုတဉာဏ်တော်သည် မြတ်ဗုဒ္ဓ၏ သာသနာတွင် မြတ်ဗုဒ္ဓတပါးတည်းမှ လွဲ၍အခြားမည်သူမျှ မရရှိနိုင်သောကြောင့် ဖြစ်ပါသည်။

ချစ်စွာသော မိတ်အပေါင်းကို ဘုရားကိုသိရန် တရားရရှိဖို့နှင့် တရားကို သိရှိရန်၊ တရားရရန် အလို့ငှာ သာသနာကို လက်ဆင့်ကမ်းနိုင်ကြသော ဆရာကောင်း ဆရာမြတ်တို့ကို ကြိုးစားရှာဖွေ ဆည်းကပ်ဖို့ အဓိက လိုအပ်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ရပါသည်။

နေရဗာန်